ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ဥပဒေရေးရာဝန်ကြီးဌာန

စာအမှတ်၊ ၄(၁၆) / ၂-၃ / နပတ ( ၄၈၄ )

ရက် စွဲ ၊ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်

အကြောင်းအရာ။ **ပညာသင်ဆုများလျှောက်ထားနိုင်ကြောင်း အကြောင်းကြားခြင်း**

ရည် ညွှန်းချက် ။ နိုင်ငံခြားပညာသင်စိစစ်ရွေးချယ်စေလွှတ်ရေး လုပ်ငန်းကော်မတီ၏ ၂၆-၉-၂၀၂၂ ရက်စွဲ စာအမှတ်-၄၀၀/၂၇-က/၂၀၂၂(၁၄၃)(အိန္ဒိယ)

၁။ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၏ ၂၃ - ၉ - ၂၀၂၂ ရက်စွဲပါ စာအမှတ် - ၁၁/၃၃/၁၁(၂၈၂၃/၂၀၂၂) (၁၄၃)(ရိုးရိုး)ကို ရည်ညွှန်းလျက် အရည်အချင်းပြည့်မီသော လုပ်ငန်းတာဝန်နှင့် ကိုက်ညီသည့် ဝန်ထမ်းများသည် သက်ဆိုင်ရာ ဝန်ကြီးဌာန/အဖွဲ့အစည်း၏ ခွင့်ပြုချက်ဖြင့် Website နှင့် ယှဉ်ပြိုင်လျှောက်ထားနိုင်ကြောင်း နိုင်ငံခြားပညာသင်စိစစ်ရွေးချယ် စေလွှတ်ရေးလုပ်ငန်းကော်မတီမှ ရည်ညွှန်းချက်(၁)ပါစာဖြင့် အသိပေးအကြောင်းကြားခြင်းကိစ္စ ဖြစ်ပါသည်။

၂။ နိုင်ငံခြားပညာသင် စိစစ်ရွေးချယ်စေလွှတ်ရေးလုပ်ငန်းကော်မတီမှ ရည်ညွှန်းသည့် သင်တန်းဘာသာရပ်မှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည် -

| အမှတ်စဉ် | | သင်တန်းဘာသာရပ် |
|---|---|---|
| ၁၄၃ | - | ITEC Regular Courses |
| (၁) ရိုးရိုး | (1) | Advanced Certificate Course on Design of Educational Applications Using Web Technologies |
| | (2) | Government Accounting & Financial Management |
| | (3) | Advanced Methods of Crime Investigation |
| | (4) | International Training Programme on Management Systems |

၃။ ပညာသင်ဆု၏ အသေးစိတ်အချက်အလက်များနှင့် ပညာသင်ဆုလျှောက်လွှာလျှောက် ထားခြင်းကို https://itecgol.In/e-Itecသို့ ဝင်ရောက်လျှောက်ထားရမည်ဖြစ်ပြီး၊ လျှောက်ထားပြီးပါက လျှောက်လွှာမိတ္တူ တစ်စောင်ကို ဥပဒေရေးရာဝန်ကြီးဌာန၊ စီမံရေးရာဦးစီးဌာန၊ လေ့ကျင့်နှင့် သုတေသနဌာနခွဲသို့ မပျက်မကွက်ပေးပို့ကြရမည် ဖြစ်ပါသည်။ဤရုံး၏ website www.mola.gov.mm

ပညာသင်ဆုခေါင်းစဉ်အောက်မှ အထက်ပါ ပညာသင်ဆုနှင့်စပ်လျဉ်းသည့် အချက်အလက်များအား ကြည့်ရှုနိုင်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

(တင့်တင့်ဟန်)

ဒုတိယအမြဲတမ်းအတွင်းဝန်

ဖြန့်ဝေခြင်း

- ညွှန်ကြားရေးမှူးချုပ်များအားလုံး၊ဥပဒေရေးရာဝန်ကြီးဌာန
  (မိမိဌာနရှိ အရာထမ်း၊ အမှုထမ်းများအား သိရှိစေရန် ဆက်လက်အသိပေးရန်ဖြစ်ပါသည်။)
- ညွှန်ကြားရေးမှူး၊ သတင်းအချက်အလက်နှင့်နည်းပညာဌာနခွဲ၊ စီမံရေးရာဦးစီးဌာန၊ ဥပဒေရေးရာဝန်ကြီးဌာန(အဆိုပါ ပညာသင်ဆုအား ဥပဒေရေးရာဝန်ကြီးဌာန Mola Website တွင် လွှင့်တင်ထားနိုင်ရေး ဆောင်ရွက်ပေးပါရန်)

မိတ္တူကို

- ညွှန်ကြားရေးမှူးချုပ်၊ စီမံရေးရာဦးစီးဌာန၊ ဥပဒေရေးရာဝန်ကြီးဌာန
- ညွှန်ကြားရေးမှူး၊ လေ့ကျင့်နှင့် သုတေသနဌာနခွဲ၊ စီမံရေးရာဦးစီးဌာန၊ ဥပဒေရေးရာဝန်ကြီးဌာန
- ရုံးလက်ခံ/မျှောစာတွဲ